# ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church

## တနင်္ဂနွေစာစောင်

## ကျမ်းစာအတွက် နိဒါန်းပျိုးခြင်း

နေ့စွဲ - ၂၊ ၈၊ ၀၉

စာအုပ် တအုပ်အုပ်ကို ယူလိုက်ပါ။ ထိုစာအုပ်တွင် ခေါင်းစဉ်ရှိပါသည်။ မြန်မာပြည်သမိုင်း၊ (သို့) မြန်မာပြည်၌ပေါက်သောဟင်းသီးဟင်းရွက်ပင်များအကြောင်း၊ (သို့) ရေပိုက်ပြင်နည်း တခုခုတော့ ဖြစ်ပါမည်။ ခေါင်းစဉ်က ထိုစာအုပ်တွင် မည်သည့်အကြောင်းများပါမည်ဆိုသည်ကိုပြောပါလိမ့်မည်။ ပုံမှန် အားဖြင့် နောက်တဆင့် ခင်ဗျားသိချင်သည်မှာ ထိုစာအုပ်ကိုရေးသူ ဖြစ်ပါသည်။ ဥပမာ အင်္ဂလိပ်တိုင်းပြည်အကြောင်း၊ ရေးသားသူ အဒေါ့(ဖ်)ဟစ်တလာ ဆိုခဲ့လျှင် ဝင်စတန်ချာချီက ရေးသည်လောက်တော့ ကောင်းနိုင်မည်မထင်ပါ။ ထို့အပြင် ရုရှားနိုင်ငံအကြောင်းကို သူတို့ခေါင်းဆောင် စတာလင်ကရေးလျှင်လည်း ကျွန်တော်သည် ထိုစာအုပ်ကို စိတ်ချနိုင်မည်မထင်ပါ။

ယျှု ကျွန်တော်တို့ လေ့လာကြတော့မည့်စာအုပ်ကို ကျမ်းစာဟုခေါ်ပါသည်။ ထိုခေါင်းစဉ်တပ်ထားသောစာအုပ်သည် အတော်အရေးကြီးပါသည်။ ထို့ကြောင့် ၎င်းကို သန့်ရှင်းသောကျမ်းစာတော်မြတ်ဟု ခေါ်သင့်ပါသည်။ မည်သို့ပြောပြော၊ ထိုစာအုပ်က ဘုရားသခင်အကြောင်းနှင့် ဘာသာရေးအကြောင်း ပြောပြနေသည်ဟု လူတိုင်းကသိပါသည်။ ထို့ကြောင့် ထိုစာအုပ်ကို မည်သူရေးကြောင်း ကျွန်တော်တို့ သိချင်ပါသည်။ ထိုစာအုပ်ကို မည်သူကမျှမယုံသော ဟစ်တလာတို့၊ စတာလင်တို့လိုလူက ရေးထားပါသလား။ အတော်စိတ်ချရသော၊ နာမည်လည်းကြီးသော ချာချီတို့လိုလူက ရေးထားသလား။ အတော်ပင် စိတ်ချရသော ကျွမ်းကျင်သူတယောက်က ရေးထားသလား။ "ဘုရားသခင်နဲ့ဘာသာရေးကို ငါလုံလောက်စွာသိတယ်၊ ဒါကြောင့် စာမျက်နှာ ၁၃၀၀ ကျော်လောက်ကို ငါရေးတယ်"ဟု ပြောရဲသောသူရှိပါမည်လား။

ထို့အပြင် စာမျက်နှာ ၁၃၀၀ ကျော်မျှရေးသားရန် အကြောင်းအရာများကို ထိုသူသည်မည်သည့်နည်းလမ်းဖြင့် စုဆောင်းပါသနည်းဆိုသည်ကိုလည်း ထပ်မေးသင့်ပါသည်။ ထိုရေးသူတို့၏ အမည်များကို အလွယ်တကူသိနိုင်ပါသည်။ မောရှေ၊ ဒါဝိတ်၊ ယေရှာယ၊ ယောဟန်၊ ပေါလု စသည်ဖြင့်။ သို့သော် တခုမေးပါဦးမည်၊ သူတို့သည် ဖါရော၊ အဗ္ဗရှလုံ၊ ဆာဂုန်၊ ဟေရုဒ်၊ နီရိုး တို့ထက် မည်သည်ကများ ပို၍ထိုက်တန်နေသောကြောင့် ရေးကြသနည်း။

ထိုနောက်ဆုံးသောမေးခွန်းကို ရှင်းလင်းစွာအဖြေပေးသည့် ကျမ်းပိုဒ်နှစ်ခုကိုတွေ့ရပါသည်။ ပထမကျမ်းပိုဒ်က ယေဘုယအဖြေကိုပေး၍၊ ဒုတိယကျမ်းပိုက်က ပို၍တိကျစွာအဖြေပေးပါသည်။ ၂ပေ ၁း၂၁ က ဤသို့ပြောပါသည် "အကြောင်းမူကား အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်ဖူးသည် မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏တိုက်တွန်းတော်မူခြင်းကို ခံရ၍ဟောပြောကြသည်။" ဒုတိယကျမ်းပိုဒ် တမန် ၁း၁၆ "သန့်ရှင်းသောဝိညာဉ်တော်သည် ဒါဝိတ်မင်း၏နှုတ်ဖြင့် ဗျာဒိတ်ထားတော်မူနှင့်သော ကျမ်းစာချက်အတိုင်း မပြည့်စုံဘဲ မနေရ။"

အထက်ပါကျမ်းနှစ်ပိုဒ်မှ ပထမကျမ်းပိုဒ်က ကျမ်းစာကိုရေးရန် ပရောဖက်တို့က အစမပြုပါဟုပြောပါသည်။ သူတို့က ဘုရားအကြောင်းများကို ကြိုးစားရှာဖွေကြပြီး၊ ထိုရှာဖွေမှု၏ ရလဒ်များမှနေ၍ ဘာသာရေးအကြောင်းကိုရေးသည်ဟု မပြောထားပါ။ ပေတရုကပြောပါသည်၊ ပရောဖက်တို့၏အလိုဆန္ဒအရ ကျမ်းစာဗျာဒိတ်များပေါ်ထွက်လာသည်မဟုတ်ဟု ရှင်းလင်းစွာပြောပါသည်။ မူရင်းရှိကျမ်းစာက

ပို၍အဓိပ္ပါယ်ရှင်းပါသည်၊ “အနာဂတ္တိစကားသည် လူသား၏ဆန္ဒသဘောမှ ထွက်မလာပါ။” အချို့သီသြ လော်ဂျီဂုရုများက လူသား၏ဆန္ဒသဘောကို အတော်အထူးပြုကြပါသည်။ မှန်ပါသည်၊ လူသား၏ဆန္ဒပါ ဝင်နေသော နေရာလေးများ ရှိပါသည်။ သို့သော် အချို့သောအရာများကို လူသား၏ဆန္ဒသက်သက်ဖြင့် ဖေါ်ထုတ်၍မရနိုင်ပါ။ ထိုမရနိုင်သောအရာသည်၊ ဘုရားသခင်ကပြောပြချင်သောအကြောင်း အရာကို လူက စ၍ မပြောပြနိုင်ခြင်း ဖြစ်သည်။ လူက အကြောင်းအရာတခုကိုထွင်၍ ၎င်းသည် ဘုရားထံမှ လာ သည်ဟုပြောနိုင်ပါမည်။ ထို့ကြောင့် ဘာသာရေးအတော်များများသည် ထိုကဲ့သို့ လူသားက ဘုရားကိုရှာ ရာမှ ရလဒ်အနေဖြင့်ထွက်လာသောဘာသာများဟု ပြောနိုင်ပါသည်။ သို့သော် ခရစ်ယာန်ဘာသာတော့ မပါပါ။ ဣသရေလပရောဖက်များနှင့် ဓမ္မသစ်ကာလမှတမန်တော်များသည် သန့်ရှင်းသောဝိညာဉ်တော် က ပြောပြသည့်အတိုင်းသာ ပြောကြခြင်းဖြစ်သည်။

အထက်ကကိုးကားသောကျမ်းပိုဒ်(၂)ပိုဒ်တွင် ဒုတိယကျမ်းပိုဒ်က ပရောဖက်တို့သည် အမှန်ပင် ပြောဟောခဲ့ကြပါသည်ဟု ဆိုလိုရာရောက်သလိုဖြစ်ပါသည်။ အကယ်၍သာ သင်သည် ယေရုရှလင်မြို့မှ လမ်းများပေါ်တွင် သွားနေခဲ့သည်ဆိုပါက၊ သင်သည် ပရောဖက်ယေရေမိ၏ တရားဟောနေခြင်းကို တွေ့ကောင်းတွေ့ရပါလိမ့်မည်ဟု ဆိုလိုသလိုဖြစ်နေပါသည်။ ထိုသို့ပြောခြင်းသည် တဝက်သာမှန်သော အမှန်ဖြစ်သည်။ ပို၍အရေးကြီးသောနောက်တဝက်မှာ၊ သန့်ရှင်းသောဝိညာဉ်တော်က ပြောခြင်းဖြစ် သည် ဆိုသည့်အချက်ဖြစ်သည်။ ဝိညာဉ်တော်က ပရောဖက်များကို “သူနှင့်အတူခေါ်ဆောင်သွား၍” ပ ရောဖက်များ၏နှုတ်ဖြင့် သူကိုယ်တိုင်က ပြောတော်မူခြင်းဖြစ်သည်။ ကျွန်တော်တို့ကိုးကားသော ကျမ်း ပိုဒ်က ဒါဝိတ်ကိုသာပြောပါသည်၊ မောရှေနှင့်ယေရေမိတို့ကိုတော့ မဖေါ်ပြပါ။ သို့သော် မကြာမီ ကိုး ကားတော့မည့် ကျမ်းပိုဒ်များက ဒါဝိတ်လိုပင် အခြားပရောဖက်များကလည်း နှုတ်ကပတ်တော်ကို ပြော ကြပါသည်ဟု ဖေါ်ပြကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာကိုရေးသားသူသည် ဘုရားသခင်ဖြစ် သည်။

အောက်ဖေါ်ပြပါကျမ်းပိုဒ်များကို သေချာစွာတွေးကြည့်ပါ။

တောလည်ရာ ၂၂:၃၈ “ငါသည် စကားတခွန်းကိုမျှ ပြောပိုင်သလော။ ငါ့နှုတ်၌ ဘုရားသခင်ထားတော်မူ သောစကားကိုသာ ငါပြောပါမည်။”

တောလည်ရာ ၂၃၊ ၅၊ ၁၂၊ ၁၆ “ထာဝရဘုရားသည် ဗာလမ်နှုတ်၌ စကားကိုထား၏ -------- ထာဝရ ဘုရားသည် ငါ့နှုတ်၌ ထားတော်မူသောစကားကို ငါသတိမပြု၍မရပါ၊ ------- ထာဝရဘုရားသည် ဗာ လမ်ကိုကြိုဆို၍ သူ၏နှုတ်၌ စကားကိုထား၏။”

တရား ၁၈း၁၈ “သူတို့အမျိုးသားချင်းတို့အထဲ၌ သင်နှင့်တူသော ပရောဖက်တပါးကို သူတို့အဘို့ ငါပေါ် ထွန်းစေ၍၊ ထိုပရောဖက်နှုတ်၌ ငါ့စကားကို ငါအပ်သဖြင့် ငါမှာထားသမျှတို့ကို သူတို့အား ဆင့်ဆိုလိမ့် မည်။”

၂ရာ ၂၃း၂ “ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အားဖြင့် မိန့်တော်မူ၏။ နှုတ်ကပတ်တော်သည် ငါ့ လျှာ၌ တည်၏။”

ဟေရှာ ၁း၂၀၊ ၄၀း၅၊ ၅၅း၁၄ “ထာဝရဘုရား၏နှုတ်တော်ထွက် အမိန့်တော်ရှိ၏။”

ဟေရှာ ၅၉း၂၁ “သူတို့၌ ငါကိုယ်တိုင်ပေးသော ပဋိညာဉ်တရားဟူမူကား၊ သင်၏ အပေါ်မှာ ကျိန်းဝပ်သော ငါ၏ဝိညာဉ်နှင့် သင်၏နှုတ်၌ ငါထားသော စကားသည်၊ ယခုမှစ၍ ကာလအစဉ် အဆက်သင်၏နှုတ်၊ သင့်အမျိုးအနွယ်၏ နှုတ်ထဲက မထွက်မပျောက်ရဟု ထာဝရဘုရားမိန့်တော်မူသည်။”

ယေရေမိ ၁း၉ “လက်တော်ကိုဆန့်၍ ငါ့နှုတ်ကိုတို့တော်မူလျှက် သင်၏နှုတ်၌ ငါ၏စကားကို ငါသွင်း ထားပြီ။”

ယေရေမိ ၁၃း၁၅ “သင်တို့သည် နားထောင် နာယူကြလော့။ ထောင်လွှားသောစိတ်မရှိကြနှင့်။ ထာဝရ ဘုရား အမိန့်တော်ရှိ၏။”

ယေရေမိ ၃၀း၄ “ဣသရေလအမျိုးနှင့် ယူဒအမျိုးကို ရည်မှတ်၍ ထာဝရဘုရား မိန့်တော်မူသော စကား ဟူမူကား။”

ယေရမိ ၅ဝး ၁ “ထာဝရဘုရားသည် ဗာဗုလုန်မြို့နှင့် ခါလဒဲပြည်ကို ရည်မှတ်၍ ပရောဖက်ယေရမိ
အားဖြင့် မိန့်တော်မူသော စကားများဟူမူကား။”
ယေဇ ၃း၁၊ ၄၊ ၁၁ “တဖန် အချင်းလူသား၊ သင်တွေ့သောအရာကို စားလော့။ ဤစာလိပ်ကိုစားပြီးလျှင်
ဣသရေလအမျိုးသားတို့ရှိရာသို့သွား၍ ဟောပြောလော့။ တဖန် အချင်းလူသား ဣသရေလလူ၊ သိမ်း
သွားခြင်းကိုခံရသော သင်၏အမျိုးသားတို့ရှိရာသို့သွား၍ ထာဝရဘုရားမိန့်တော်မူသည်ဟု သူတို့နား
ထောင်သည်ဖြစ်စေ၊ နားမထောင်သည်ဖြစ်စေ ဟောပြောလော့ဟု မိန့်တော်မူ၏။”
မာကု ၁၂း၃၆ “ဒါဝိတ်၏စကားမှာ၊ ထာဝရဘုရားက သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ(အဖြစ်)၊ ငါ
မချထားမှီတိုင်အောင် ငါ့လက်ျာဖက်၌ ထိုင်နေလော့ဟု ငါ့သခင်အား မိန့်တော်မူသည်။”
လုကာ ၁း၇ဝ “အကြောင်းမူကား ကမ္ဘာဦးမှစ၍ ပေါ်ထွန်းသော မိမိသန့်ရှင်းသော ပရောဖက်တို့နှုတ်ဖြင့်
ဗျာဒိတ်ထားတော်မူသည်နှင့်အညီ။”

ဤကျမ်းပိုဒ်များကိုကြည့်ခြင်းဖြင့်၊ နှစ်ဆယ်မျှရှိပါသည်၊ ကျမ်းစာသည် ဘုရားသခင်၏နှုတ်က ပတ်တော်ဖြစ်ကြောင်း မှန်ကန်စွာသိနိုင်ပါသည်။ ယနေ့ခေတ်တွင် မိမိကိုယ်ကို ခရစ်ယာန်ဟုခေါ်သူ အများက ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်ဟုပြောနေကြသော်လည်း၊ ကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်များဖြစ်သည်ဆိုသည့်အချက်ကိုတော့ ငြင်းပယ်နေကြပါသည်။

ပါးစပ်မှနေ၍ ထိုသို့ပြောနေသော်လည်း သူတို့တကယ်ပြောချင်သည်မှာ ကျမ်းစာထဲတွင် လူတို့က တည်ထွင်ထည့်သွင်းသောစကားအမြောက်အများပါသည်၊ ဘုရား၏စကားဟုယူဆရသည်မှာ အတော်ပင် မှေးမှိန်ပါသည်၊ အနံ့လောက်တော့ပါမည်ဟု ပြောခြင်းဖြစ်သည်။ ထိုသို့ဖြင့် ကျမ်းစာသည် လူသားတို့ရေးသော သာမန်စါအုပ်အဆင့်သို့ လျှော့ကျသွားလေသည်။ ထိုသို့ပြောခြင်းသည် အလွန်မှားပါသည်။ မောရှေက ကျမ်းစာတချို့ကိုရေးပါသည်။ ထို့အတူ ဒါဝိတ်နှင့်ပေါလုတို့ကလည်း ရေးခဲ့ကြပါသည်။ သို့သော် သူတို့ရေးသောစကားလုံးများတို့သည် ဘုရားသခင်၏စကားလုံးတို့ဖြစ်ကြပါသည်။ ထိုအမှန်တရားကို သရုပ်ပေါ်လွင်စွာဖြင့် လူတိုင်းသိသောကျမ်းပိုဒ်တခုက ဖေါ်ပြပါသည်။
၂တိ ၃း၁၆ “ထိုကျမ်းစာရှိသမျှတို့သည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်သည်။” ထိုနေရာတွင်ပြောချင်သည်မှာ “ကျမ်းစာထဲရှိစကားလုံးတိုင်းကို မှုတ်သွင်းတော်မူသည်”ဟုဖြစ်သည်။ ထို့ကြောင့် ကျမ်းစာကိုတကယ်ရေးသူသည် ဘုရားသခင်ဖြစ်သည်။

ကျမ်းစာရေးသူသည် ဘုရားသခင်ဖြစ်သည် ဆိုသည့်အချက်မှနေ၍ အရေးကြီးသောအကြောင်းအရာတို့ကို ထုတ်နှုတ်ရှင်းပြနိုင်ပါသည်။ ကျမ်းစာသည် ဘုရားသခင်၏စကားဖြစ်သဖြင့် ကျမ်းစာကပြော သမျှသည် မှန်သည်။ ကျမ်းစာသည် ဘုရားသခင်၏စာအုပ်ဖြစ်သဖြင့် အမှန်ချည်းဖြစ်သည်။

တရား ၃၂း၄ “ဘုရားသခင်သည် မူလအမြစ်ဖြစ်၍ အမှုတော်သည် စုံလင်ပေ၏။ စီရင်တော်မူသမျှတို့
သည် တရားနှင့်ညီလျှက်၊ သစ္စာစောင့်သောဘုရား၊ အပြစ်မှကင်းလွတ်၍ ဟုတ်မှန်ဖြောင့်မတ်သော ဘု
ရား ဖြစ်တော်မူ၏။” ( မူရင်းမှဘာသာပြန်လျှင် ဤသို့ဖြစ်သည်။ “ဘုရားသခင်သည် ကျောက်ဖြစ်၏။
သူ၏အလုပ်သည် ပြည့်စုံ၏။ သူ၏လမ်းခရီးတို့သည် တရားစီရင်ခြင်းဖြစ်၏။ အမှန်တရား၏ဘုရား၊ ဆိုး
ညစ်ခြင်းကင်းစင်၍ ဖြောင့်မတ်၏။ မှန်ကန်၏။”
ယော ၁း၁၄ “နှုတ်ကပတ်တော်သည်လည်း လူ့ဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၄င်း၊ သစ္စာ
တော်နှင့်၄င်း၊ ပြည့်စုံလျှက် ငါတို့တွင် တည်နေတော်မူသည်ဖြစ်၍ ခမည်းတော်၌ တပါးတည်းသောသား
တော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ။” [မူရင်းမှဘာပြန်လျှင် ဤသို့ဖြစ်သည်။
ထို့နောက် နှုတ်ကပတ်တော်သည် လူဖြစ်လာသည်။ (ခမည်းတော်၏ တဦးတည်းမွေးထားသည့် သား၏
ဘုန်းတော်ကဲ့သို့ သူ၏ဘုန်းတော်ကိုမြင်ရသည်)၊ ပြည့်ဝသော ကျေးဇူးတော်နှင့်၄င်း၊ အမှန်တရားနှင့်၄င်း
ကျွန်တော်တို့ကြားတွင် နေတော်မူ၏။]

ယော ၁း၁၇ "အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင်ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရား(အမှန်တရား)မူကား ယေရှုခရစ်အားဖြင့်ဖြစ်သတည်း။"
ယော ၃း၃၃ "သက်သေခံတော်မူချက်ကို ခံယူသောသူသည်ကား၊ ဘုရားသခင်သည် သစ္စာစောင့်တော်မူ(မှန်တော်မူ)သည်ဟူ တံဆိပ်ခတ်၏။"
ယော ၁၄း၆ "ယေရှုက၊ ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရား(အမှန်တရား)လည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။"
ယော ၁၇း၇ "ကိုယ်တော်၏သမ္မာတရား(အမှန်တရား)အားဖြင့် သူတို့ကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရား(အမှန်တရား) ဖြစ်ပါ၏။
ဟေဗြဲ ၆း၁၈ "အကြောင်းမူကား၊ ဘုရားသခင်သည် မုသာမသုံးနိုင်းသောအရာတည်းဟူသော မဖေါက်ပြန်မပြောင်းလဲနိုင်သော အရာနှစ်ပါးကိုအမှီပြု၍ ကိုယ်ရှေ့၌ထားသောမျှော်လင့်ရာကို ခိုလှုံခြင်းငှာ ပြေးသောငါတို့သည် သက်သာအားကြီးကြမည်အကြောင်းတည်း။"
၁ယော ၁း၅ "ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်ခြင်းအလျှင်းမရှိ။"

ထိုသို့ပြောသည့်အခြားကျမ်းပိုဒ် အမြောက်အများကို ထပ်မံကိုးကားနိုင်ပါသေးသည်။ ကျမ်းစာက လိမ်ခြင်း၊ ဟန်ဆောင်ခြင်းတို့ကို ရှုတ်ချ၍၊ အခိုင်အမာဖြင့် အမှန်တရားကို ချီးမြှောက်ပါသည်။

၁၉ရာစုနှောင်းပိုင်းတွင် လူ(၂)ယောက်က ကျမ်းစာကို ပြင်းထန်စွာတိုက်ခိုက်ပါသည်။ သူတို့က ကျမ်းစာကပြောသောအရာတို့ကို အခြားသောအရာတို့နှင့် မှန်ကြောင်း သက်သေပြနိုင်မှသာ လက်ခံရမည်ဟု ပြောကြသည်။ ထိုဥပဒေသဖြင့် သူတို့က ဟစ်တိုက်နိုင်ငံသည် မည်သည့်အခါတွင်မျှမရှိဟု နိဂုံးချုပ်ကြသည်။ နှစ်ပေါင်းများစွာ ထိုပညာရှင်နှစ်ယောက်တို့၏တပည့်များက ဟစ်တိုက်လူမျိုးဆိုသည်မှာ မရှိ၊ ထို့ကြောင့် ကျမ်းစာသည် ယုံတမ်းစကား၊ ပုံပြင်တို့သာဖြစ်သည်။ မောရှေက ပထမငါးကျမ်းကို မရေး၊ ကမ္ဘာ ၁၄ တွင် မှတ်တမ်းတင်သောတိုက်ပွဲကို အာဗြဟံမတိုက်၊ အခက်ခုနှစ်ခုပါသောမီးတိုင်သည် ပါလက်စတိုင်းဒေသတွင် အတော်နှောင်းပိုင်းအချိန်၊ ပါရှင်းအင်ပိုင်ယာခေတ်ရောက်မှသာ သုံးသည်ဟု ပြောကြပါသည်။ ယနေ့ချိန်တွင်တော့ ထိုသူတို့သည် ထိုသို့မပြောရဲကြတော့ပါ။ ယနေ့တိုင်အောင် ကျမ်းစာကိုတော့ တိုက်ခိုက်နေကြပါသေးသည်။ အမှန်တရားကို ငြင်းပယ်နေကြပါသေးသည်။ ဟေဗြဲတို့၏သမိုင်းကို မှားယွင်းစွာပြောနေကြပါသေးသည်။ သို့သော် ဟစ်တိုက်လူမျိုးတို့တကယ်ရှိကြောင်း မငြင်းရဲကြတော့ပါ။ အခက်ခုနှစ်ပါသောဆီမီးတိုင်သည် မောရှေမတိုင်ခင်ကပင်ရှိပြီးကြောင်းကို မငြင်းရဲကြတော့ပါ။

၂၀ရာစုတွင် ဂျွန်ဒူဝီဆိုသူက ကျမ်းစာသမိုင်းကို သေချာစွာ ဂရုမပြုဘဲ၊ ခရစ်ယာန်သီအိုလော်ဂျီကို အသေးစိတ်မလေ့လာဘဲ၊ အမှန်တရားသည်မပြောင်းလဲပါ၊ ပုံသေဖြစ်သည် ဆိုသည့်အချက်ကို တိုက်ခိုက်ပါသည်။ ဒူဝီက ယနေ့မှန်သောအရာသည် မနက်ဖြန်တွင် မှားနိုင်ပါသည်။ ယနေ့ မှားသည်ဟုဆိုသောအရာသည် မနက်ဖြန် မှန်နိုင်ပါသည်။ သမိုင်းတွင် ၁၈၈၀ ဝန်းကျင်က ဟစ်တိုက်များ မရှိဟုပြောခဲ့သော်လည်း၊ ၁၉၅၀ တွင် ဟစ်တိုက်တို့ရှိခြင်းမှာ မှန်သည်ဟုဖြစ်လာသည်။ ၂၀၀၀ ခုနှစ်ရောက်လျှင် ထိုအမှန်သည် နောက်တမျိုးပြောင်းသွားနိုင်ပါသည်ဟု ဒူဝီကပြောသည်။

ထိုသို့ အမှန်တရားတိုသည်မှာ အမြဲပြောင်းနေသည် ဆိုသည့်အချက်ကို ဒူဝီက ကိုယ်ကျင့်တရားတွင် ထည့်၍ပြောပါတော့သည်။ ထို့ကြောင့် သူ၏ကိုယ်ကျင့်တရားသည် လူမှုရေးတရာမျှသာဖြစ်သွားပါသည်။ သူက ကိုယ်ကျင့်တရား၏စံနှုန်းများသည် တချိန်နှင့်တချိန်တွင် ပြောင်းတတ်သလို၊ တနေရာနှင့်တနေရာတွင်လည်း မတူပါဟု ဆိုလာပြန်သည်။

အမေရိကားတွင် မှန်သည်ဟုပြောသောအရာသည် ကွန်ဂို(အာဖရိက)တွင် မှားနိုင်ပါသည်။ လူသားစားခြင်းသည် ကွန်ဂိုတွင် မှန်သည်၊ အဘယ်ကြောင့်ဆိုသော် ထိုအရပ်မှလူတို့သည် ထိုသို့အသက်ရှင်သောကြောင့်ဖြစ်သည်။ ဘာနှင့်တူသနည်းဆိုသော်၊ အမေရိကားတွင် ကားကို လမ်းညာဘက်တွင် ကပ်မောင်း၍၊ ဗြိတိန်နိုင်ငံတွင် ဘယ်ဖက် ကပ်မောင်းခြင်းကဲ့သို့ဖြစ်သည်။

ထိုသို့အမှန်တရားသည် အမြဲပြောင်းပါသည်ဆိုသည့်အချက်ကို သိပ္ပံပညာကလည်း ထောက်ခံနေပြန်ပါသည်။ ၁၉ရာစုနှစ်က သိပ္ပံသီအိုရီများကို အခြားအသစ်များနှင့်အစားထိုးခဲ့ပြီဖြစ်သည်။ အလင်းကို ယခင်က အီသာထဲတွင်လှိုင်းကဲ့သို့ရွေ့လျားနေသောအရာဟု နားလည်ခဲ့ကြသည်။ ရူပဗေဒပညာရှင်များက ယနေ့ချိန်တွင် အီသာဆိုသည့်အရာမရှိကြောင်း ငြင်းကြပြန်သည်။ အလင်းဆိုသည်မှာ အလွန်သေးငယ်သောအမှုန်များ စီးမျောနေခြင်းဖြစ်သည်ဟု သိလာကြပြန်ပါသည်။

အမှန်တရားသည်ပြောင်းသောသဘာရှိသည်ဆိုသည့်အဆိုကို သိပ္ပံပညာကထောက်ခံနေသည်ဆိုသည်၊ သာမန်အတွေးအခေါ်များက ပို၍ထောက်ခံပြန်ပါသည်။ သာမာန်အတွေးအခေါ်ဟုပြောသည့်အခါ၊ အဝတ်အစားပုံစံကိုကြိုက်သည်မျိုးကိုဆိုလိုပါသည်။ ဒီဇိုင်းတခုသည် နှစ်အတော်ကြာသာ လူကြိုက်များပါသည်။ ထို့နောက် တခြားပုံစံသစ်ပေါ်လာသည်။ ယခင်ပုံစံကို မည်သူမျှမကြိုက်တော့။ ယခင်က ခရမ်းချဉ်သီးသည် အဆိပ်ရှိသောအသီးဟု ထင်ခဲ့ကြပါသည်။ ထိုကဲ့သို့ ကိုယ်ကျင့်တရားစံနှုန်းများကို အစားနှင့်ငှင်း၊ ကားမောင်းပုံနှင့်ငှင်း၊ အဝတ်အစားဒီဇိုင်းနှင့်ငှင်း၊ ခိုင်းနှိုင်း၍ယူဆခြင်း၏ရလဒ်သည်၊ ယနေ့ချိန် ကျောင်းများတွင် တွေ့နေရသော ရာဇဝတ်မှုများထူပြောခြင်း၊ အကြမ်းဖက်ခြင်းများ၊ လိင်မှုကိစ္စအလွန်လိုက်စားခြင်းများ၊ မူယစ်ဆေးဝါးအလွဲသုံးစားခြင်းများ ပင်ဖြစ်ပါတော့သည် (အမေရိကန်ကျောင်းများကိုဆိုလိုသည်)။ ယခင်က ထိုအရာများကို မှားသည်ဟုယူဆခဲ့ကြပါသည်။ သို့သော် ယနေ့ချိန်တွင် ထောင်ပေါင်းများစွာသောကျောင်းသားတို့ လူထုရှေ့မှောက်၌ပင် ထိုကိစ္စများကိုပြုနေကြပြီဖြစ်သည်။ အဓိကတရားခံမှာ ဂျွန်ဒူဝီ၏လွှမ်းမိုးမှုဖြစ်သည်။ ကျောင်းသားများကို အကြွင်းမဲ့သဘောဆောင်သောအမှန်တရား၊ ပုံသေအမှန်တရား၊ မပြောင်းလဲသောအမှန်တရားဆိုသည်မရှိ၊ အမှန်တရားသည် အမြဲပြောင်းလဲနေသည်ဟု ခေါင်းထဲဆွဲသွားအောင်သင်ပေးနေကြ၍ဖြစ်သည်။

ထိုသူများသည် ဘုရားကိုမယုံသူများဖြစ်သည်။ ဘုရားသာမရှိခဲ့လျှင် သူတို့ပြောသည်များ မှန်နိုင်ပါမည်။ အကယ်၍သာ ဘုရားမရှိခဲ့လျှင်တော့ သူတို့ပြောသည်များ မှန်နိုင်ပါမည်။ သို့သော် "မှန်ခြင်း" ဆိုသည်မှာ အမြင်များမတူခြင်းတို့၏ရလဒ်များသာဖြစ်လာပါတော့မည်။ "အမှန်"ဆိုသည်မှာ ဓလေ့ထုံးစံမျှသာဖြစ်လာပါတော့မည်။ ကိုယ်ကျင့်တရားဥပဒေသများသည်လည်း ဘာသာစကားဥပဒေသများ အဆင့်သို့ လျှောကျသွားပါမည်။ ဒူဝီကိုယ်တိုင်ကပင် ထိုသို့ပြောပါသည်၊ ဘာသာစကားတခု၏ သဒ္ဒါအသုံးအနှုန်းသည် ရာစုနှစ်များအလိုက် ပြောင်းသွားတတ်သည်၊ ထို့အတူပင် အတွေးအခေါ်အမြင်များ၊ ဓလေ့ထုံးစံများသည်လဲ ပြောင်းလဲတတ်ပါသည်။ သို့သော် မည်သူကမျှ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ထိုသို့ပင်ပြောင်းတတ်ပါသည်ဟု ပြောခွင့်မရှိပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အစဉ်တည်မြဲကြောင်း၊ အထူးသဖြင့် သူ၏ကတိတော်များသည် မပြောင်းလဲကြောင်း ပုံစံအမျိုးမျိုးဖြင့် ပြောပြပါသည်။ ဥပမာအချို့ကိုကြည့်ပါ -

ဆာလံ ၁၉း၇ "ထာဝရဘုရား၏သက်သေခံတော်မူချက်သည် ဟုတ်မှန်၏(သေချာလှ၏)။"
ဆာလံ ၉၃း၅ "သက်သေခံတော်မူချက်တို့သည် အလွန်မြဲမြံတော်မူ၏။"
ဟေရှာ ၂၈း၁၆ "အရှင်ထာဝရဘုရားက မလှုပ်နိုင်အောင် မြဲမြံသောအမြစ်ကျောက်မြတ်ကို ဇိအုန်တောင်ပေါ်မှာ ငါချထား၏။"
သတိပြုရမည်မှာ အမှန်တရားသည် မပြောင်းလဲမှ သေချာသောအုတ်မြစ်ဖြစ်နိုင်မည်ဖြစ်သည်။
၂တိ ၂း၁၈-၁၉ "တံဆိပ်ခတ်လျှက်ရှိသော ဘုရားသခင်၏တိုက်မြစ်သည် ခိုင်ခန့်၍တည်၏။"

ပညတ်တော်(၁၀)ပါးသည် မောရှေခေတ်အတွက်သာ ကောင်းသည်မဟုတ်ပါ၊ အပြစ်မှဖြေလွှတ်ခြင်းတရားသည်လည်း သခင်ခရစ်တော် ကမ္ဘာပေါ်၌အသက်ရှင်စဉ်ချိန်နှင့် တမန်တော်တို့ခေတ်မှာသာ အာနိသင်ရှိသည်မဟုတ်ပါ၊ ယုံကြည်ခြင်းဖြင့်သာဖြောင့်မတ်သည် ဆိုသည့်အမှန်တရားသည်လည်း လူသာနှင့်ကဲ(လ်)ဗင်တို့လက်ထက်၌သာ အရေးကြီးသည်မဟုတ်ပါ၊ ၎င်းတို့သည် (၂၁)ရာစု၌လည်း၊ မှန်နေသည်၊ ကောင်းသည်၊ အသုံးဝင်သည်၊ အရေးကြီးလျှက်သာရှိကြပါသေးသည်။

မှန်ပါသည် ကျမ်းစာ၏အချို့နေရာများသည် နားလည်ရန် ခက်ပါသည်။ နှစ်ပေါင်းများစွာ၊ နာရီပေါင်းများစွာ ကျမ်းစာကို လေ့လာသူ ပညာရှင်များသည်၊ တနေ့ (၁၅)မိနစ်ခန့်မျှသာ ကျမ်းစာဖတ်သူထက်တော့ ပိုသိမည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော် ထိုပညာရှင်များက ခက်ခဲသောအပိုင်းများကို လေ့လာပြီးနားလည်သောအခါ၊ ယုံကြည်သူများကို သူတို့၏နားလည်မှုအားဝေငှလျှင် အားလုံးအတွက် အလွန်အကျိုးရှိပါလိမ့်မည်။

၂တိ ၃း၁၆-၁၇ “ကျမ်းစာရှိသမျှသည် ---- ဩဝါဒပေးခြင်း၊ အပြစ်ကိုဖေါ်ပြခြင်း ----- စသည်တို့အတွက် အသုံးဝင်သည်။ ထိုသို့ဖြင့် ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းမှုအမျိုးမျိုးတို့ကိုပြုစုခြင်းငှာ ပြင်ဆင်သောသူဖြစ်လာမည်ဖြစ်သည်။”

နိဂုံးချုပ်အနေနှင့် ကျမ်းစာသည် မှန်ကန်သည်၊ နားလည်နိုင်သည်၊ အသုံးဝင်သည်ဟုပြောရပါမည်။ သူတို့ကို ပညာရှင်များအတွက်သာ ရေးထားသည်မဟုတ်ပါ။ အတွေးအခေါ်ပညာရှင်များအတွက်သာ ရေးထားသည်မဟုတ်ပါ။ အဓိကအားဖြင့် ယုံကြည်သူများအားလုံးအတွက်ရေးထားပြီး၊ ဒုတိယအနေနှင့် လူတိုင်းအတွက်လည်း ရေးထားခြင်းဖြစ်သည်။

**ကျမ်းစာ၏ရည်ရွယ်ချက်**

ကျမ်းစာကိုမည်သည့်ရည်ရွယ်ချက်အတွက် ရေးထားကြောင်း ဆက်၍ပြောရန်လိုပါသည်။ ထိုရည်ရွယ်ချက်ကို နည်းလမ်းအမျိုးမျိုးနှင့်ပြော၍ရပါမည်။ ကျမ်းပိုဒ်တပိုဒ်ထဲဖြင့်တော့ ပြော၍ရနိုင်မည် မဟုတ်ပါ။ သို့သော် ရှင်ယောဟန်ခရစ်ဝင်ထဲမှ ကျမ်းပိုဒ်တပိုဒ်က အတော်ပြည့်စုံစွာပြောပါသည်။

ယော ၂၀း၃၀-၃၁ “ဤကျမ်းစာ၌ ရေး၍မထားသော အခြားသောနိမိတ်လက္ခဏာ အများတို့ကိုလည်း၊ ယေရှုသည် တပည့်တော်တို့ မျက်မှောက်၌ ပြတော်မူ၏။ ယေရှုသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို သင်တို့သည် ယုံမည်အကြောင်း၊ ဤမျှလောက် ရေးထားလျှက် ရှိသတည်း။”

ထို့ကြောင့် ယောဟန်ရေးထားသောအရာများ၊ မောရှေနှင့်ဒါဝိတ်တို့ရေးထားအရာများသည်၊ ကျွန်တော်တို့က ဘုရားသခင်၏သားတော် သခင်ယေရှုကိုယုံကြည်၍၊ ထာဝရအသက်ကို ခံစားရယူနိုင်ရန် ဖြစ်ပါတော့သည်။

အမှုတော်မြတ်၌

ဆရာဆန်ကျဲ
(သင်းအုပ်)
An Introduction to the Bible by Gordon H. Clark ကိုဆီလျှော်အောင်ဘာသာပြန်သည်။